# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

**အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၂၆**

**၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်**

**(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်)**

**ခရိုင်စားသုံးသူရေးရာကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်သည် စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ)နှင့် နည်းဥပဒေများ၊ နည်းဥပဒေ ၄၀၊ နည်းဥပဒေခွဲ (ခ) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရန်နှင့် စားသုံးသူနှင့်စီးပွားရေးလုပ်ငန်းရှင်တို့အကြား အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းပေးရန်အတွက် မန္တလေးတိုင်းဒေသကြီးတွင် ကျောက်ဆည်ခရိုင်၊ ရှမ်းပြည်နယ်တွင် ကျောက်မဲခရိုင်နှင့်လားရှိုးခရိုင်တို့တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက အတွင်းရေးမှူးအဖြစ်လည်းကောင်း အဖွဲ့ဝင်ငါးဦးအထိ ပါဝင်သော ခရိုင်စားသုံးသူရေးရာကော်မတီများကို အောက်ဖော်ပြပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) **မန္တလေးတိုင်းဒေသကြီး**

(၁) **ကျောက်ဆည်ခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး/ ဌာန | တာဝန် |
|---|---|---|
| (កက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( ဂဂ ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဃဃ) | ခရိုင်ဦးစီးမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ငင ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

( ခ ) **ရှမ်းပြည်နယ်**

(၁) **ကျောက်မဲခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး/ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( ဂဂ ) | ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (ငင ) | ခရိုင်ဦးစီးမှူး<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

(၂) **လားရှိုးခရိုင်စားသုံးသူရေးရာကော်မတီ**

| စဉ် | ရာထူး/ ဌာန | တာဝန် |
|---|---|---|
| (ကက) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခခ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>ခရိုင်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| ( ဂဂ ) | ဒုပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး<br>ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| ( ငင ) | ခရိုင်တာဝန်ခံ<br>ခရိုင်စားသုံးသူရေးရာဦးစီးဌာန | အတွင်းရေးမှူး |

၂။ ခရိုင်စားသုံးသူရေးရာကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စားသုံးသူတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ ကနဦးစုံစမ်းမေးမြန်းခြင်းများကို ဆောင်ရွက်၍ သုံးသပ်ချက်၊ အကြံပြုချက်များနှင့်အတူ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများသို့ တင်ပြခြင်း၊

( ခ ) စားသုံးသူအခွင့်အရေးအပြည့်အဝရရှိစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

( ဂ ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဃ) စားသုံးသူကာကွယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပြုစု၍ စားသုံးသူများသို့ ဖြန့်ဝေနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

( င ) စားသုံးသူကာကွယ်ရေးဆိုင်ရာအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်း၊

( စ ) ဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်ထားသော အမိန့်များအပေါ် လိုက်နာမှု ရှိ/ မရှိ စိစစ်လေ့လာ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) ကော်မရှင်က ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကော်မရှင်က ချမှတ်ထားသည့်ဆုံးဖြတ်ချက်များအပေါ် လိုက်နာမှု ရှိ/မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် သက်ဆိုင်ရာကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

( ဇ ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်စားသုံးသူရေးရာကော်မတီက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

(ပုံ)

ထွန်းအုံ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်

စာအမှတ်၊ စသရ (ကော်မရှင်ရုံး)/ ၂၀၂၆ (၀၀၁၇ )

ရက် စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁) တွင် ထည့်သွင်းကြေညာပေးပါရန်

အမိန့်အရ

ခင်မောင်လှိုင်

အတွင်းရေးမှူး

မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်